Center for Arakan Studies

# အပတ်စဉ် ရခိုင်ဒေသပဋိပက္ခလေ့လာစောင့်ကြည့်ရေး၊ အမှတ်စဉ် (၂)


နိုဝင်ဘာလ ၂၀ ရက်- ၂၆ ရက်


---


ယခု ရေးသားချက်သည် CAS ၏ အပတ်စဉ် ပဋိပက္ခလေ့လာစောင့်ကြည့်ရေး၏ အစိတ်အပိုင်းဖြစ်ပြီး၊ ရခိုင်ပြည်တွင်း ပဋိပက္ခအခင်းအကျင်းနှင့် အရပ်သား ထိခိုက်သေဆုံးမှုများ အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ သေဆုံးမှု၊ ဒဏ်ရာရရှိမှု နှင့် ဖမ်းဆီးခံရမှုများနှင့် ပတ်သတ်၍ ပဋိပက္ခ၏ အရပ်သားများအပေါ် သက်ရောက်မှုများကို မှတ်တမ်းပြုစုရန်ဖြစ်ပြီး၊ အဆိုပါ အဖြစ်အပျက်များအား တည်နေရာ နှင့် အကြောင်းအရင်းများကိုလည်း ဖော်ပြထားသည်။ ရေးသားချက်ပါ သတင်းအချက်အလက်များမှာ မြေပြင်အခြေအနေများကို ဒေသခံ မီဒီယာများ နှင့် ဖုန်းအဆက်အသွယ်များဖြင့် ယူထားခြင်းဖြစ်ပြီး၊ နိုဝင်ဘာ ၂၀ မှ ၂၆ အထိ အချိန်အတိုင်းအတာကို ဖော်ပြထားသည်။

(က) အရပ်သားသေဆုံးမှု နှင့် ဖမ်းဆီးခံရခြင်း

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ နှင့် ၂၆ ကြားတွင် အနည်းဆုံး အရပ်သား ၁၂၅ ယောက်ခန့် ဖမ်းဆီး၊ ဒါဏ်ရာရ၊ သေဆုံးခဲ့သည်။ ထိုအထဲတွင် အနည်းဆုံး ၉၄ ယောက် ဖမ်းဆီးခံထားရပြီး၊ နောက်ထပ် ၂၆ ယောက်မှာ ဒဏ်ရာရရှိထားသည်။ မှတ်တမ်းများအရ စုစုပေါင်းသေဆုံးမှုမှာ ၅ ယောက်ခန့်ရှိသည်။ အဆိုပါ သေဆုံးမှုထဲတွင် ကျား (၄)၊ နှင့် မ (၁) တို့ပါဝင်သည်။ ထိခိုက်ဒဏ်ရာရရှိထားသူ (၂၆) ယောက်ထဲတွင် ကျား (၁၀) နှင့် မ (၁၅) ယောက်တို့ပါဝင်ပြီး၊ ကျန် (၁) ယောက်အား ကျား၊ မ မခွဲခြားအတည်မပြုနိုင်သေးပေ။ စုစုပေါင်း သေဆုံး၊ ဒဏ်ရာရ၊ ဖမ်းဆီးခံရသူများထဲတွင် ရခိုင်၊ ရိုဟင်ဂျာအပါအဝင် မူဆလင်၊ နှင့် မာရမာကြီး လူမျိုးစုများဝင်ပြီး၊ ထိုအထဲတွင် အနည်းဆုံး ၁၀ ဦးခန့်သည် အသက် (၁၈) အောက်ဖြစ်သည်။





## (ခ) ဒဏ်ရာရ၊ သေဆုံးမှုဖြစ်ရခြင်း၏ အကြောင်းအရင်းများ


အရပ်သားပြည်သူများအား ထိခိုက် သေဆုံး၊ ဒဏ်ရာရစေသော အကြောင်းရင်းများထဲတွင် လက်နက်ကြီးပစ်ခတ်ခြင်း၊ သေနတ်ပတ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်ခြင်းနှင့် ဒရုန်းဖြင့် ဗုံးချဖောက်ခွဲခြင်းတို့ ပါဝင်သည်။ တစ်ပတ်စာ စုဆောင်းရရှိထားသော သတင်းအချက်အလက်များအရ၊ စစ်ကောင်စီတပ်သားများ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် သေဆုံးမှုသည် အများဆုံးဖြစ်ပြီး၊ သေဆုံးသူ (၅) ဦးရှိသည်။ ထို့အပြင် လေကြောင်း ပစ်ခတ်မှုသည် အရပ်သားဒဏ်ရာရရှိမှုကို အများဆုံးဖြစ်စေပြီး၊ ဒဏ်ရာရရှိသူ (၉) ဦးရှိသည့်ပြင်၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၈) ဦးနှင့် ဒရုန်းဗုံး ပစ်ခတ်မှုကြောင့် (၇) ဦးရှိသည်။





| Causes (Category) | Injured | Killed |
|---|---|---|
| Heavy Artillery | 8 | 5 |
| Airstrike | 9 | - |
| Drone Bomb Drop | 7 | - |
| Gunshot by SAC soldier | 2 | - |

### (ဂ) ထိခိုက်မှုများ နှင့် ဖမ်းဆီးခံရမှုများ၏ တည်နေရာ

တစ်ပတ်စာ အချက်အလက်စုဆောင်းမှုအရ အရပ်သား သေဆုံးမှုသည်၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင် နှင့် မောင်တောမြို့နယ် တို့တွင် အဓိက ဖြစ်ပွါးခဲ့သည်။ ဒဏ်ရာရရှိမှုအများဆုံးသည် ပလက်ဝမြို့နယ်တွင် (၉) ဦးရှိပြီး၊ ပေါက်တော နှင့် ရသေ့တောင်မြို့နယ်များတွင် (၅) ဦးစီ ဖြစ်သည်။ အရပ်သားအများဆုံးဖမ်းဆီးခံထားရသော မြို့နယ်များထဲတွင် အများဆုံးအနေဖြင့် စစ်တွေတွင် (၈၄) ဖမ်းဆီးခံရပြီး ဒုတိယအများဆုံးမှာ ပုဏ္ဏားကျွန်း မှ ၅ ဦး တို့ ဖြစ်သည်။







**နိဂုံး**

ယခု တပတ် (နိုဝင်ဘာ ၂၀-၂၆) တွင် စုစုပေါင်း အရပ်သား ဖမ်းဆီး၊ ဒါဏ်ရာရ၊ သေဆုံးမှုသည် ၁၉၀ ခန့်ရှိခဲ့သော ယခင် တပတ် (နိုဝင်ဘာ ၁၃-၁၉) ထက် အနည်းကျ လျော့ကျသွားသသည်။ သေဆုံးသော၊ ဒါဏ်ရာရရှိသော နှင့် ဖမ်းဆီးခံရသော အရပ်သား အရေအတွက်မှာလည်း ၃၈ မှ ၅၊ ၄၂ မှ ၂၆ နှင့် ၁၁၀ မှ ၉၄ သို့ အသီးသီး လျော့ကျသွားသည်။ လွန်ခဲ့သော တစ်ပတ်အတွင်း အရပ်သားသေဆုံးမှု အများဆုံးသည် သေနတ်ပစ်ခတ်မှုကြောင့် ဖြစ်ခဲ့ပြီး၊ ယခု တစ်ပတ်တွင်တွင်တော့ လက်နက်ကြီး ပစ်ခတ်မှုကြောင့် သေဆုံးမှုသည် အများဆုံးဖြစ်နေသည်။ တည်နေရာဒေသနှင့်ဆိုလျှင် လွန်ခဲ့သော တစ်ပတ်အတွင်း အရပ်သားသေဆုံးမှုအများဆုံးသည် ပေါက်တောမြို့နယ်တွင် ဖြစ်ပွါးခဲ့ပြီး၊ ယခု တစ်ပတ်တွင် မြို့နယ် (၅) ခုစလုံးတွင် အညီအမျှ ဖြစ်ခဲ့သည်။

**About the Center for Arakan Studies**

The CAS is an independent, non-partisan and research-oriented group conducting research and analyzing issues related to Arakan/Rakhine affairs.

Email: info@arakanstudies.org
Website: www.arakanstudies.org